စာတမ်းတို
မေလ၊ ၂၀၁၉။

Natural Resource Governance Institute

# မြန်မာနိုင်ငံ အစိုးရက ရေနံ၊ သဘာဝဓါတ်ငွေ့စာချုပ်၊ ဓါတ်သတ္တုတူးဖော်ရေး စာချုပ်များကို ထုတ်ပြန်သင့်သည့် အကြောင်းရင်းနှင့် ထုတ်ပြန်ရန် နည်းလမ်းများ

Sebastian Sahla, Hosana Chay နှင့် Rob Pitman

## အရေးကြီး အချက်အလက်များ

- စာချုပ်များ ထုတ်ပြန်ခြင်းသည် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် လက်ခံကျင့်သုံးလာကြသည့် စံနှုန်း ဖြစ်သည်။ အဖွဲ့ဝင် အစိုးရများသည် ၂၀၂၁ ဇန်နဝါရီမှစပြီး ၎င်းတို့ ချုပ်ဆိုမည့် ရေနံ၊ သဘာဝဓာတ်ငွေ့ နှင့် သတ္တုတူးဖော်ရေး စာချုပ်များကို ထုတ်ပြန်ပေးရမည်ဟု သတ်မှတ်ရန် Extractive Industries Transparency Initiative (EITI) ဘုတ်အဖွဲ့က သဘောတူခဲ့ပြီ ဖြစ်သည်။ ကမ္ဘာတစ်ဝှမ်းရှိ အစိုးရများ၊ ကုမ္ပဏီများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများကလည်း စာချုပ်ထုတ်ပြန်ဖွင့်ပြမှုများ ပြုလုပ်ရန် အင်တိုက်အားတိုက် နှိုးဆော်လျက်ရှိသည်။
- မြန်မာနိုင်ငံတွင်မူ တိုးတက်မှုများမှာ အလွန် နှေးကွေးစွာသာ ဖြစ်ပေါ်နေသည်။ အရပ်ဘက် လူ့အဖွဲ့အစည်းမှ တက်ကြွလှုပ်ရှားသူများ၊ အကြီးစား ရင်းနှီးမြှုပ်နှံသူ အများအပြားမှ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန်အတွက် တိုက်တွန်းပံ့ပိုးမှုများ ပြုလုပ်နေသော်လည်း အစိုးရက ရေနံ သို့မဟုတ် သတ္တုတူးဖော်ရေး စာချုပ်တစ်ခုကိုမျှ လက်ရှိအချိန်ထိ ထုတ်ပြန်ခြင်း မရှိသေးပါ။
- ရေနံ သဘာဝဓါတ်ငွေ့၊ ဓါတ်သတ္တုတွင်းနှင့် ကျောက်မျက်ကဏ္ဍ ခွင့်ပြုမိန့် အသစ်များ ချထားပေးရတော့မည်ဖြစ်ရာ မြန်မာနိုင်ငံ အစိုးရအနေဖြင့် ကမ္ဘာ့စံနှုန်းကို အမီလိုက်နိုင်ရန် ယခုအချိန်မှစပြီး ပြင်ဆင်ဆောင်ရွက်မှုများ ပြုလုပ်သင့်သည်။

## ခြုံငုံသုံးသပ်ချက်

ရေနံ၊ သဘာဝဓါတ်ငွေ့ နှင့် သတ္တုတူးဖော်ရေးဆိုင်ရာ စာချုပ်များ ထုတ်ပြန်ခြင်းသည် စံနှုန်းတစ်ခုအဖြစ် ကမ္ဘာတစ်ဝှမ်းတွင် အလျင်အမြန် ပြန့်နှံ့လျက်ရှိသည်။ EITI အဖွဲ့ဝင်နိုင်ငံ တဝက်ကျော်သည် ၎င်းတို့၏ စာချုပ်များနှင့် လိုင်စင်များကို ထုတ်ပြန်ထားပြီးဖြစ်သည်။[၁] အကောင်အထည်ဖော်နေသည့် နိုင်ငံများ အနေဖြင့် ၂၀၂၁ ဇန်နဝါရီလ ၁ ရက်နေ့မှစပြီး ချုပ်ဆိုသည့်၊ သဘောတူညီသည့် သို့မဟုတ် ပြင်ဆင်သည့် လိုင်စင်၊ စာချုပ် မည်သည့်အမျိုးအစားကို မဆို ထုတ်ပြန်မှု ပြုလုပ်ရန် သတ်မှတ်ချက်ကို EITI ဘုတ်အဖွဲ့ကလည်း မကြာသေးမီက အတည်ပြုခဲ့ပြီး ဖြစ်သည်။[၂] စီမံအုပ်ချုပ်မှု တိုးတက်လာစေရန်၊ တည်ငြိမ်သည့် ရင်းနှီးမြှုပ်နှံမှု ရပ်ဝန်းတစ်ခု ဖန်တီးရန်အတွက် စာချုပ်များ ထုတ်ပြန်ခြင်းသည် အရေးပါသည့် နည်းလမ်းတစ်ခု ဖြစ်သည်ဟု အစိုးရများ၊ ပုဂ္ဂလိကကဏ္ဍ နှင့် အရပ်ဘက် လူ့အဖွဲ့အစည်းများ

## မာတိကာ

ခြုံငုံသုံးသပ်ချက် ....... ၁
၁။ စာချုပ်ထုတ်ပြန် ဖွင့်ပြမှုများ ပြုလုပ်ရခြင်း ရည်ရွယ်ချက် ....... ၂
၂။ မြန်မာနိုင်ငံ၏ စာချုပ် စာတမ်း ထုတ်ပြန်မှု လတ်တလော အခြေအနေ ............... ၄
၃။ စာချုပ်ဖွင့်ပြထုတ်ပြန်မှု နှင့်ပတ်သက်ပြီး ဆောင်ရွက်နိုင်သည့် ရှေ့လုပ်ငန်းစဉ်များ .......... ၈
နောက်ဆက်တွဲ – စာချုပ်အချို့ နှင့် ဥပဒေအချို့မှ စာချုပ်ထုတ်ပြန် ဖွင့်ပြခြင်းဆိုင်ရာ သတ်မှတ်ချက်များ ................. ၁၁

[၁] See Government Contract Disclosure Policy and Practice Tracker docs.google.com/spreadsheets/d/1FXEeD43jw6VYHV8yS-8KJ5-rR5l0XtKxVQZBWzr-ohY/edit - gid=0.

[၂] This rule will come into effect when the EITI board ratifies a new standard at their global conference in June 2019.

ကြားတွင် လက်ခံ နားလည်မှုမှာလည်း တိုးတက်လျက် ရှိသည်။[၃]

မြန်မာနိုင်ငံတွင်မူ လက်ရှိအချိန်ထိ စာချုပ်ပွင့်လင်းမြင်သာမှုနှင့် ပက်သက်သည့် တိုးတက်မှု အနည်းငယ်သာ ရှိနေသည်။ အစိုးရသည် ရေနံ၊ ဓာတ်ငွေ့ သို့မဟုတ် ဓါတ်သတ္တု တူးဖော်သည့် ကုမ္ပဏီများနှင့် ချုပ်ဆိုထားသည့် စာချုပ်တစ်ခုကိုမျှ ထုတ်ပြန်ခြင်းမရှိသေးပါ။ သို့သော်လည်း စာချုပ်ထုတ်ပြန်ဖွင့်ပြရေးကို အားပေးထောက်ခံသည့် နိုင်ငံတွင်း ရင်းနှီးမြှုပ်နှံသူ အရေအတွက်မှာ တိုးတက်လာလျက် ရှိသည်။ သိပ်မကြာမီ ရေနံ၊ ဓါတ်သတ္တုနှင့် ကျောက်မျက်ကဏ္ဍများတွင် ခွင့်ပြုမိန့်များ ထပ်မံထုတ်ပေးမည်ဟု ယူဆရသည်။ ၎င်းခွင့်ပြုမိန့်များ ထုတ်ပေးရာတွင် စာချုပ်များ ထုတ်ပြန်မှုဆိုင်ရာ သတ်မှတ်ချက်များကို ထည့်သွင်းနိုင်သည်။ ဤသို့ဖြင့် ကာလတိုနှင့် ကာလလတ်အတွင်း တစ်စတစ်စ အားကောင်းလာသည့် ကမ္ဘာ့စံနှုန်းနှင့် အမီလိုက်နိုင်မည်ဖြစ်သည်။

ယခုစာတမ်းငယ်၏ အခန်း ၁ တွင် စာချုပ်ထုတ်ပြန်ဖွင့်ပြမှု၏ အကျိုးပြုမှုများကို ဖော်ပြမည် ဖြစ်ပြီး၊ ထုတ်ပြန်ဖွင့်ပြခြင်းနှင့် ဆိုင်သည့် အယူအဆလွဲများမှ အချို့ကို ရှင်းလင်းမည်ဖြစ်သည်။ အခန်း ၂ တွင် မြန်မာနိုင်ငံ၏ လက်ရှိ ဥပဒေသတ်မှတ်ချက်များနှင့် ဆောင်ရွက်ပုံများကို သုံးသပ်မည်ဖြစ်သည်။ အခန်း ၃ တွင် ထုတ်ပြန်ဖွင့်ပြမှု ပြုလုပ်ရာတွင် အသုံးပြုနိုင်သည့် လုပ်ငန်းစဉ် အခြေအနေများကို တင်ပြသွားမည် ဖြစ်ပါသည်။

## ၁။ စာချုပ် ထုတ်ပြန်ဖွင့်ပြမှုများ ပြုလုပ်ရခြင်း ရည်ရွယ်ချက်

မြန်မာနိုင်ငံ အစိုးရနှင့် ကုမ္ပဏီများကြား ချုပ်ဆိုသည့် စာချုပ်များသည် အရေးပါသည့် စာရွက်စာတမ်းများ ဖြစ်သည်။ တူးဖော်ရေးဆိုင်ရာ စီမံကိန်းများ ဆောင်ရွက် အကောင်အထည်ဖော်မှုနှင့် ပတ်သက်ပြီး အရေးအကြီးဆုံးသော သတ်မှတ်ချက် အများအပြားကို ထည့်သွင်းဖော်ပြထားသည့် စာရွက်စာတမ်း ဖြစ်သည်။ ၂၀၂၁ ဇန်နဝါရီလမှ စတင်ကာ စာချုပ်ထုတ်ပြန်မှု ပြုလုပ်ရန် EITI က သတ်မှတ်ချက်တစ်ခု အဖြစ် ထည့်သွင်း ကျင့်သုံးတော့မည် ဖြစ်သည်။ (ဇယားကွက် ၁ ကိုကြည့်ပါ) ယင်းသို့သော သတ်မှတ်ချက်သည် စတိတ်ဟိုဒါများ အားလုံးကို အကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါသည်။

*မြန်မာနိုင်ငံအစိုးရနှင့် ကုမ္ပဏီများကြား ချုပ်ဆိုသည့် စာချုပ်များသည် အရေးပါသည့် စာရွက်စာတမ်းများ ဖြစ်သည်။ စာချုပ်များနှင့် ဆက်စပ် စာရွက်စာတမ်းများ ထုတ်ပြန်ခြင်းသည် စတိတ်ဟိုဒါများ အားလုံးကို အကျိုး ဖြစ်ထွန်းစေမည် ဖြစ်ပါသည်။*

**စာချုပ်များ ထုတ်ပြန်ခြင်းသည် ပို၍ အကျိုးရှိပြီး၊ ရေရှည်သဘောဆောင်သည့် သဘောတူညီချက်များ ရရှိသည့် ညှိနှိုင်းမှုများ ဖြစ်ပေါ်စေရန် တွန်းအားပေးသည်။**

စာချုပ်စာတမ်းများကို အများပြည်သူက စောင့်ကြည့် စိစစ်မည်ဟု ညှိနှိုင်းရေးတွင် ပါဝင်သူများ သိရှိထားသည် ဆိုပါက အစိုးရ၊ ကုမ္ပဏီများ နှင့် နိုင်ငံသားများ အမြင်တွင် မျှတသည့် စာချုပ်တစ်ခုဖြစ်အောင် တွန်းတွန်းတိုက်တိုက် ညှိနှိုင်းမည်ဖြစ်သည်။ တည်ငြိမ်သည့် ရင်းနှီးမြှုပ်နှံမှု ရပ်ဝန်းတစ်ခု ဖန်တီးရာတွင် နိုင်ငံအတွက် အကျိုးပြုသည့် သဘောတူညီချက် စာချုပ်များ ချုပ်ဆိုရန် အရေးကြီးသည်။ မြန်မာနိုင်ငံတွင် ကျန်ခဲ့သည့် ဆယ်စုနှစ်အတွင်း စာချုပ်ပါ အချက်အလက်များ ပြန်လည်ညှိနှိုင်းရသည့် သတ္တုတူးဖော်ရေးစီမံကိန်း အများအပြားရှိသည်။ အထင်ရှားဆုံးမှာ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ဖြစ်သည်။ ရပ်ရွာ ဒေသခံများ ဆန္ဒပြမှုကြောင့် အစိုးရက လုပ်ငန်းများကို ၂၀၁၂ ခုနှစ်တွင် ရပ်ဆိုင်းခဲ့ရသည်။ နိုင်ငံနှင့် ဒေသခံများအတွက် ပို၍ အကျိုးဖြစ်ထွန်းစေရန် စာချုပ်ပါအချက်အလက်များ ပြန်လည်သုံးသပ်ပြင်ဆင်မည့် လွတ်လပ်သည့် စုံစမ်းရေးကော်မရှင် တစ်ခုကို အစိုးရက ဖွဲ့စည်းပေးခဲ့ရသည်။ စာချုပ်ပြန်လည်ညှိနှိုင်းခြင်းဖြင့် စီမံကိန်းမှ ရရှိသည့် အစိုးရဝေစုကို မြှင့်တင်နိုင်ခဲ့ပြီး၊ ရပ်ရွာအကျိုးပြုလုပ်ငန်းနှင့် ဆိုင်သည့် သတ်မှတ်ချက်များကိုလည်း ခိုင်ခိုင်မာမာ ချမှတ်နိုင်ခဲ့သည်။[၄] [၅] စာချုပ်များကို အများပြည်သူ သိသာစေရန် ထုတ်ပြန်ခြင်းဖြင့် အစိုးရများနှင့် ကုမ္ပဏီများကို မျှတသည့် စာချုပ်များ ဖြစ်ပေါ်ရေးအတွက်

၃ Don Hubert and Rob Pitman. *Past the Tipping Point? Contract Disclosure within EITI* (Natural Resource Governance Institute, 2017), 2 and 27, resourcegovernance.org/sites/default/files/documents/past-the-tipping-point-contract-disclosure-within-eiti-web.pdf and Natural Resource Governance Institute, and Open Contracting Partnership *Open Contracting for Oil, Gas and Mining Rights (2018)*, resourcegovernance.org/analysis-tools/publications/open-contracting-oil-gas-and-mineral-rights.

၄ Yun Sun. *Chinese Investment in Myanmar: What Lies Ahead?* (Stimson Center, 2013), 6. "

၅ "In Brief," Myanmar Wanbao, accessed 30 January 2019,

ညှိနှိုင်းမှုများ ပြုလုပ်ရန် တွန်းအားပေးနိုင်ကာ ဝိတ်သိမ်းမှုများ၊ ပြန်လည်ညှိနှိုင်းမှုများ၊ ဂုဏ်သိက္ခာကျဆင်းမှုများ ဖြစ်စေသည့် အန္တရာယ်များကို လျော့နည်းစေသည်။

## စာချုပ်များ ထုတ်ပြန်ခြင်းသည် အစိုးရ ဝန်ထမ်းများ လုပ်ငန်း ထိရောက်စွာ ဆောင်ရွက်နိုင်ရေးကို အထောက်အကူ ဖြစ်စေသည်

အစိုးရဌာနများ အတွင်းနှင့် ဌာနများကြား ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်းသည် သယံဇာတများကို ထိရောက်စွာ စီမံနိုင်မှုကို အဓိက စိန်ခေါ်နေသည့် အရာဖြစ်သည်။ အချက်အလက်များ မသိရှိရသဖြင့် ဝန်ထမ်းများသည် ကုမ္ပဏီများ ဆောင်ရွက်လုပ်ကိုင်နေသည့် သတ်မှတ်ချက်များကို အလွယ်တကူ မသိရှိနိုင်ပဲ ဖြစ်နေသည်။ အခွန်ကောက်ယူရာတွင် ယင်းကိစ္စသည် အထူးသိသာသည့် အခက်အခဲဖြစ်စေသည်။ လုပ်ငန်းဝင်ငွေခွန် တွက်ချက်ရန်အတွက် လိုအပ်သည့် ဘဏ္ဍာရေးဆိုင်ရာ သတ်မှတ်ချက်များနှင့် စီမံကိန်းဆိုင်ရာ အချက်အလက်များကို ပြည်တွင်းအခွန်ဦးစီးဌာနက သိရှိခြင်း မရှိဘဲ ကုမ္ပဏီများနှင့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ၏ ထုတ်ပြန်ချက်ပေါ်တွင်သာ မှီခိုလျက် တွက်ချက်မှုများ ပြုလုပ်နေရသည်ဟု တွေ့ဆုံမေးမြန်းမှုများမှ သိရှိရသည်။ အစိုးရအနေဖြင့် အခွန်ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်သည့် အနေအထား ဖြစ်သည်။ နောက်ထပ်အနေဖြင့် အချက်အလက်များ မရရှိပါက ကုမ္ပဏီများသည် လိုင်စင် ဧရိယာပြင်ပတွင် တူးဖော်နေခြင်း ရှိမရှိ သို့မဟုတ် လိုင်စင်သက်တမ်း ကုန်မကုန်ကို ဝန်ထမ်းအနေဖြင့် လိုက်လံစစ်ဆေးနိုင်ရန် အခက်အခဲများစွာ ရှိမည်ဖြစ်သည်။ ဓါတ်သတ္တု နှင့် ကျောက်မျက်ကဏ္ဍ အသေးစားနှင့် အလတ်စား လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရလေ့ရှိသည့် အခက်အခဲတစ်ခု ဖြစ်သည်။

## စာချုပ်များ ထုတ်ပြန်ခြင်းသည် ပြည်သူများ စောင့်ကြည့်မှု၊ တာဝန်ခံမှုများ ဖြစ်ပေါ်စေသည်

သဘာဝ သယံဇာတများကို နိုင်ငံတော်အစိုးရက ပိုင်ဆိုင်သည်။[၆] မြန်မာနိုင်ငံသားများအနေဖြင့် ၎င်းတို့ကို ကိုယ်စားပြုလျက် ဆောင်ရွက်သည့် (အစိုးရ) သဘောတူညီချက်များကို သုံးသပ်ခွင့်၊ လေ့လာခွင့်ရှိသည်။ စာချုပ်များ ထုတ်ပြန်ခြင်းဖြင့် ပြည်ထောင်စုအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် လွှတ်တော်အမတ်များ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများ၊ မီဒီယာများသည် စီမံကိန်းများနှင့်ဆိုင်သည့် သတ်မှတ်ချက်များကို နားလည်သဘောပေါက်လာမည် ဖြစ်သည်။ အစိုးရ နှင့် ကုမ္ပဏီများ တာဝန်ခံမှု ပေါ်ပေါက်လာစေရန် ပံ့ပိုးပေးမည်ဖြစ်ပြီး အစိုးရ၏ စည်းမျဉ်းစည်းကမ်းများကို ကုမ္ပဏီများက လိုက်နာမှု ပို၍ မြန်ဆန်အားကောင်းလာစေရန် အထောက်အကူ ဖြစ်စေနိုင်သည်။ စာချုပ်များ ထုတ်ပြန်ခြင်းဖြင့် တန်းတူညီမျှသည့် အခင်းအကျင်းကို ပေါ်ပေါက်စေနိုင်သည် ဖြစ်သောကြောင့် ကုမ္ပဏီများအတွက် အကျိုးရှိစေသည်။ ပြည်သူများက စောင့်ကြည့်ခြင်း၊ တာဝန်ခံမှုများ ပေါ်ပေါက်လာစေရန် တောင်းဆိုမှုများကြောင့် အစိုးရသည် ကုမ္ပဏီများကို ကျောသားရင်သား မခွဲခြားပဲ မျှတစွာ ဆက်ဆံမှုများ ဖြစ်ပေါ်စေမည်ဖြစ်သည်။

### ဇယားကွက် ၁ – EITI ၏ စာချုပ်ပွင့်လင်းမြင်သာမှု သတ်မှတ်ချက် အသစ်

၂၀၁၉ ဖေဖော်ဝါရီ၊ ယူကရိန်းနိုင်ငံ ကီဗ်မြို့တွင် ပြုလုပ်သည့် ၄၂ ကြိမ်မြောက် EITI ဘုတ်အဖွဲ့ အစည်းအဝေးတွင် ဘုတ်အဖွဲ့ဝင်များက စာချုပ်ပွင့်လင်းမြင်သာရေးနှင့် ဆိုင်သည့် EITI သတ်မှတ်ချက်ကို ပြင်ဆင်ရန် သဘောတူညီခဲ့ကြသည်။ ဇွန်လတွင် ပြုလုပ်မည့် ကမ္ဘာလုံးဆိုင်ရာ EITI ညီလာခံတွင် အတည်ပြုပြီးပါက EITI စံနှုန်းများတွင် အောက်ပါသတ်မှတ်ချက်များ ပါဝင်လာမည်ဖြစ်သည်။

- EITI အကောင်အထည်ဖော်နေသည့် နိုင်ငံများသည် ၂၀၂၁ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ထုတ်ပေးထားသည့်၊ ချုပ်ဆိုထားသည့် သို့မဟုတ် ပြင်ဆင်သည့် စာချုပ်များ၊ ခွင့်ပြုမိန့်၊ လိုင်စင်များကို ထုတ်ပြန်ပေးရမည်။
- လက်မှတ်ရေးထိုးထားသည့် စာချုပ်များ၊ ခွင့်ပြုမိန့် နှင့် လိုင်စင်များ အားလုံးကို အဟောင်းအသစ် ကာလခွဲခြားမှု မရှိပဲ ထုတ်ပြန်မှု ပြုလုပ်ရန် အကောင်အထည် ဖော်နေသည့် တိုင်းပြည်

၆ ၂၀၀၈ အခြေခံဥပဒေ အပိုဒ် ၃၇ (က)

များသို့ တိုက်တွန်းထားချက် ပါဝင်သည်။

- EITI သုံးပွင့်ဆိုင် အဖွဲ့အနေဖြင့် စာချုပ်များ ဖွင့်ပြရေးနှင့်ပတ်သက်ပြီး အကောင်အထည်ဖော်မည့် အချိန်ကာလသတ်မှတ်ချက် ပါဝင်လျက် ပြည့်စုံသည့် ထုတ်ပြန်ဖွင့်ပြမှု ပြုလုပ်ရာတွင် ကြုံတွေ့ရနိုင်သည့် အခက်အခဲများအား ဖြေရှင်းပုံများကို ဖော်ထုတ်ထားသည့် လုပ်ငန်း အစီအစဉ်တစ်ခုကို သဘောတူ၊ ထုတ်ပြန်သွားနိုင်ရန် မျှော်လင့်ထားသည်။ EITI နိုင်ငံများအနေဖြင့် ယင်းအစီအစဉ်ကို ၂၀၂၀ နှစ်မှ စတင်ပြီး ၎င်းတို့၏ လုပ်ငန်းအစီအစဉ်များတွင် ပေါင်းစပ် ကျင့်သုံးသွားမည်ဖြစ်သည်။

- အကောင်အထည်ဖော်နေသည့် နိုင်ငံများအနေဖြင့်လည်း အသက်ဝင်နေဆဲ စာချုပ် နှင့် ခွင့်ပြုမိန့်၊ လိုင်စင်များ စာရင်းကို ဖော်ပြရမည်ဖြစ်ပြီး၊ အများပြည်သူ သိသာစေရန် ထုတ်ပြန်ထားသည့် စာချုပ် နှင့် ထုတ်ပြန်ထားခြင်းမရှိသည့် စာချုပ်များဟူ၍ ခွဲခြား ညွှန်ပြထားရမည်။ ထုတ်ပြန်ခဲ့သည့် စာချုပ် သို့မဟုတ် လိုင်စင်များ ရရှိနိုင်သည့် နေရာ သို့မဟုတ် အညွှန်းများနှင့်တကွ ဖော်ပြပေးရမည်။ အစိုးရတစ်ရပ်အနေဖြင့် စာချုပ်များ သို့မဟုတ် လိုင်စင်များကို ထုတ်ပြန်နိုင်ခြင်း မရှိပါက မထုတ်နိုင်ရသည့် အကြောင်းရင်း ဥပဒေကြောင်း သို့မဟုတ် လုပ်ထုံးလုပ်နည်းဆိုင်ရာ အခက်အခဲ အကြောင်းကို စာဖြင့်ရေးသား ရှင်းလင်းပြသရမည်။

စာချုပ်ဆိုင်ရာ ပွင့်လင်းမြင်သာမှုကြောင့် သိသာသည့် အကျိုးပြုမှုများ ရှိနေသည့်တိုင်အောင် မခိုင်မာသော အကြောင်းပြချက်များဖြင့် အနှုတ်လက္ခဏာဆောင် ဝေဖန်မှုများလည်း ရှိသည်။

## ယူဆချက်အမှား ၁။ စာချုပ်စာတမ်းများကို လျှို့ဝှက်စွာ ထားရှိခြင်းသည် ပုံမှန်ဖြစ်သည်။

မြန်မာနိုင်ငံတွင် စာချုပ်များ ထုတ်ပြရေးနှင့်ပတ်သက်သည့် ဆွေးနွေးချက်များသည် ကနဦးအဆင့်တွင်ပင် ရှိနေသော်လည်း၊ တစ်ကမ္ဘာလုံး အတိုင်းအတာတွင်မူ လုပ်ငန်း ဆောင်ရွက်သည့် လုပ်ထုံးလုပ်နည်းများမှာ အလျင်အမြန် ပြောင်းလဲလျက် ရှိနေသည်။ အစိုးရများအနေဖြင့် စာချုပ်များ ထုတ်ပြန်မှု ပြုလုပ်ရမည်ဟု EITI က သတ်မှတ်ချက်တစ်ခုအဖြစ် မကြာသေးမီက အတည်ပြုခဲ့သည်။ တစ်ကမ္ဘာလုံး အတိုင်းအတာအရ တူးဖော်ရေးလုပ်ငန်းဆိုင်ရာ စာချုပ်စာတမ်း အချို့ကို ထုတ်ပြန်ခဲ့သည့်နိုင်ငံ ၄၄ နိုင်ငံ ရှိသည်။ စာချုပ်စာတမ်းများကို ဖွင့်ပြရမည်ဟု ဥပဒေသတ်မှတ်ထားသည့် နိုင်ငံပေါင်း ၂၇ နိုင်ငံ ရှိသည်။[၇]

*ကမ္ဘာ့အကြီးဆုံး ရေနံ၊ သဘာဝဓါတ်ငွေ့ နှင့် ဓါတ်သတ္တု တူးဖော်ရေးကုမ္ပဏီ အများအပြားသည် စာချုပ်ပွင့်လင်းမြင်သာမှု ဆောင်ရွက်ခြင်း ပုံစံအချို့ကို ထောက်ခံကြောင်း လူသိရှင်ကြား ထုတ်ပြန်ကြေညာထားကြသည်။*

စာချုပ်စာတမ်းဆိုင်ရာ ပွင့်လင်းမြင်သာမှု၏ အကျိုးပြုပုံကို ကုမ္ပဏီများက ပို၍ အသိအမှတ် ပြုလာကြသည်။ မကြာသေးမီ ကာလအတွင်းက ရေနံ၊ သဘာဝဓါတ်ငွေ့ နှင့် သတ္တုတူးဖော်ရေး ကုမ္ပဏီကြီး ၄၀ ကို ပြုလုပ်ခဲ့သည့် ဆန်းစစ်မှု ရလဒ်အရ ကုမ္ပဏီပေါင်း ၁၈ ခုသည် စာချုပ် ပွင့်လင်းမြင်သာမှုဆိုင်ရာ ပုံစံတစ်ခုခုကို ထောက်ခံကြောင်း အများပြည်သူ သိရှိစေရန် ထုတ်ပြန်ထားကြောင်း သိရသည်။[၈] မြန်မာနိုင်ငံတွင် ဝင်ရောက်လုပ်ကိုင်နေသည့် ကုမ္ပဏီ အများအပြားလည်း ယင်းစစ်တမ်းတွင် ပါဝင်ခဲ့သည်။ မြန်မာနိုင်ငံ၏ အကြီးဆုံး ရေနံ နှင့် ဓာတ်ငွေ့ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီတစ်ခုဖြစ်သော Total ကုမ္ပဏီက ရေနံစာချုပ်နှင့် လိုင်စင်များကို အများပြည်သူ သိရှိအောင် ထုတ်ပြန်မှုများ ပြုလုပ်ရန်အတွက် နှိုးဆော်မှုများ ပြုလုပ်နေသည်ဟု ၎င်း၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။[၉] စစ်ကိုင်းတွင် ဓါတ်သတ္တုစမ်းသပ်လိုင်စင် ရထားသည့် သတ္တုကုမ္ပဏီဖြစ်သော PanAust ကလည်း အိမ်ရှင်အစိုးရများမှ တရားဝင် ခွင့်ပြု သဘောတူသည်ဆိုပါက စာချုပ်ပါ အချက်အလက်များကို အများပြည်သူထံ ထုတ်ပြန်

၇ See docs.google.com/spreadsheets/d/1FXEeD43jw6VYHV8yS-8KJ5-rR5l0XtKxVQZBWzr-ohY/edit - gid=0 based on Hubert and Pitman, *Past the Tipping Point?*, 2 and 27, resourcegovernance.org/sites/ default/files/documents/past-the-tipping-point-contract-disclosure-within-eiti-web.pdf.

၈ Isabel Munilla and Kathleen Brophy. *Contract Disclosure Survey 2018* (Oxfam America, 2018), policy-practice.oxfam.org.uk/publications/contract-disclosure-survey-2018-a-review-of-the- contractdisclosure-policies-of-620465

၉ "Our Commitments," Total, accessed 30 January 2019, www.sustainable-performance.total.com/en/ stakeholders/our-commitments.

ခြင်းကို ထောက်ခံပါသည်ဟု ၎င်း၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။[၁၀] Woodside Energy နှင့် ကမ်းလွန် တူးဖော်ခွင့်လိုင်စင် ၄ ခု ရရှိထားသည့် Shell ကလည်း အခွန်ကင်းလွတ်ခွင့်များ/စာချုပ်များကို ထုတ်ပြန်ရန်အတွက် ဥပဒေဖြင့် သတ်မှတ်ထားခြင်းမရှိသည့် နိုင်ငံများတွင် အာဏာပိုင်များကို ထုတ်ပြန်မှု ပြုလုပ်ရန် တိုက်တွန်းသည့် သတ်မှတ်ချက်များ ပါဝင်သည့် အခြေခံမူများဖြစ်သော B-Team responsible tax priciples ကို ထောက်ခံထားသည်။[၁၁]




EITI အဖွဲ့ဝင်များ

အဖွဲ့ဝင်မဟုတ်သည့် နိုင်ငံများ

ပုံ ၁။ တူးဖော်ရေးလုပ်ငန်း စာချုပ်အချို့ ဖွင့်ပြခဲ့သည့် အစိုးရများစာရင်း

ယူဆချက်အမှား ၂။ စာချုပ်စာတမ်းများတွင် စီးပွားရေးအရ လူသိမခံနိုင်သည့် အချက်အလက်များ ပါဝင်သည်။ ဖွင့်ပြထုတ်ပြန်ပါက ပြိုင်ဆိုင်မှုကို ထိခိုက်နိုင်သည်။

အစိုးရ နှင့် ကုမ္ပဏီများသည် စာချုပ်ပါ သတ်မှတ်ချက်များကို သဘောတူ၊ အပြီးသတ် အကောင်အထည် ဖော်ပြီးပါက စာချုပ်များ ထုတ်ပြန်ခြင်းသည် ကုမ္ပဏီ၏ ယှဉ်ပြိုင်မှုကို သိသိသာသာ ထိခိုက်စေသည်မှာ မဖြစ်နိုင်သလောက် ဖြစ်သည်။

ယင်းအချက်ကို မြန်မာနိုင်ငံရှိ Total ၏ ဖြတ်သန်းမှုက သက်သေပြခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုမှ *Doe v Unocal* အမှုတွင် Total ၏ ၁၉၉၂ ခုနှစ်က ချုပ်ဆိုထားသည့် မူတ္တမ စာချုပ်ကို MOU၊ စာချုပ်စာတမ်း အစွယ်အပွားများ၊ ခွင့်ပြုမိန့်များနှင့်တကွ ထုတ်ပြန်ခဲ့သည်။ ယင်းစာချုပ်သည် ရတနာ သဘာဝဓါတ်ငွေ့ စီမံကိန်းပါ သတ်မှတ်ထားချက်များ ဖြစ်လာသည်။ ရတနာ စီမံကိန်းသည် မြန်မာ၏ သဘာဝဓါတ်ငွေ့ ထွက်ရှိမှု အများဆုံး စီမံကိန်းဖြစ်သည်။ မြန်မာနိုင်ငံရှိ လုပ်ငန်းများပေါ်တွင် တိုက်ရိုက် သက်ရောက်မှု တစ်စုံတစ်ရာ မရှိခဲ့ပဲ၊ ကုမ္ပဏီပေါ်တွင် ယုံကြည်မှုများ ဖြစ်ပေါ်လာစေရန်ပင် အထောက်အကူ ဖြစ်စေခဲ့သည်ဟု Total က ပြောခဲ့သည်။[၁၂] မကြာသေးမီနှစ်များအတွင်း Total သည် စာချုပ်ဖွင့်ပြရေးကို လုပ်ငန်းရှင်များဘက်မှနေ၍ ထောက်ခံသူ ဖြစ်လာသည်။ ထိုအချိန်က Total ၏ တူးဖော်ရေးနှင့် ထုတ်လုပ်ရေး ဥက္ကဌ၏ အကြီးတန်း အကြံပေးတစ်ဦးအဖြစ် ဆောင်ရွက်နေသူ Jean-François Lassalle က စီးပွားရေးလုပ်ငန်း အကျိုးစီးပွားအတွက် လျှို့ဝှက်ထားရမည့် ကိစ္စနှင့် ပတ်သက်ပြီး စိုးရိမ်မှု မရှိပုံကို – ''နိုင်ငံတစ်ခုအနေနဲ့ ရေနံစာချုပ်တွေကို ထုတ်ပြန်ဖို့ ဆန္ဒရှိတယ်ဆိုတာနဲ့ ကျွန်တော်တို့အမြင်ကတော့ ဥပဒေဆိုင်ရာ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပြဿနာတွေ အဲ့ဒီမှာ အကုန်ရှင်း

၁၀ "Sustainability matters at PanAust," PanAust, accessed 30 January 2019, panaust.com.au/sustainability.

၁၁ Principle 5c, B-Team Responsible Tax Principles (B-Team, 2018), www.bteam.org/plan-b/responsible- tax/.

၁၂ SebastianSahla,"ContractDisclosureGoodforBusinessinMyanmar,SaysTotal," *The Myanmar Times*, 12 April 2019. www.mmtimes.com/news/contract-disclosure-good-business-myanmar-total-says.html

သွားပြီလို့ ယူဆတယ်'' ဟု ပြောခဲ့သည်။[၃၃]

စာချုပ်များကို တရားဝင် ထုတ်ပြန်သည်ဖြစ်စေ၊ မထုတ်ပြန်သည်ဖြစ်စေ ကုမ္ပဏီ အများစုသည် ပြိုင်ဘက်များ၏ စာချုပ်များ၊ စာချုပ်ပါ အချက်များကို သိရှိနိုင်ကြသည်။ စာချုပ်ဆိုင်ရာ အချက်အလက်စုစည်းရောင်းချသူများကို ငွေပေး၍သော်လည်းကောင်း၊ စာချုပ်များကို ဆန်းစစ်၊ အဆင့်သတ်မှတ်သည့် အကြံပေးများမှ တဆင့်သော်လည်းကောင်း သိရှိနိုင်ကြသည်။[၃၄] စာချုပ်များကို လျှို့ဝှက်ထားပါက အမှန်တကယ် မသိရှိရသူများမှာ အစိုးရနှင့် ပြည်သူများသာ ဖြစ်သည်။

## ယူဆချက်အမှား ၃။ လျှို့ဝှက်ထားရေးဆိုင်ရာ သတ်မှတ်ချက်များကြောင့် ထုတ်ပြန်မှု မပြုလုပ်နိုင်ပါ။

ကိစ္စအတော်များများတွင် စာချုပ်တွင်ပါ လျှို့ဝှက်ထားရေးဆိုင်ရာ အပိုဒ်သည် ဖွင့်ပြမှု ပြုလုပ်ရန်အတွက် အဓိက အတားအဆီး မဟုတ်ပါ။ ၂၀၀၉ ခုနှစ်တွင် ကမ္ဘာလုံး အတိုင်းအတာဖြင့် ရေနံ၊ ဓာတ်ငွေ့ နှင့် သတ္တုတွင်းဆိုင်ရာ စာချုပ်များ သုံးသပ်မှုအရ စာချုပ်များတွင် ယင်းစာချုပ် လျှို့ဝှက်ထားရေးကို ရည်ညွှန်းသည့် လျှို့ဝှက်ထားရေးဆိုင်ရာ အပိုဒ် ပါဝင်သည်မှာ အနည်းငယ်သာရှိသည်။ စာချုပ်တွင် ပါဝင်သူများအနေဖြင့် နှစ်ဖက် သဘောတူညီချက်ဖြင့် ထုတ်ပြန်မှုများ ပြုလုပ်နိုင်သည် သို့မဟုတ် စာချုပ်ဖွင့်ပြမှုများ ပြုလုပ်ရမည်ဟု အစိုးရက ဥပဒေပြု သတ်မှတ်နိုင်သည့် ဖြစ်စဉ်အများအပြား ရှိသည်ကို တွေ့ရသည်။[၃၅]

မိမိတို့ ရရှိသည့် အနည်းငယ်မျှသော အချက်အလက်များပေါ် အခြေခံ၍ သုံးသပ်ရလျှင် မြန်မာနိုင်ငံရှိ တူးဖော်ရေးစာချုပ် အများအပြားရှိ လျှို့ဝှက်ထားရေး သတ်မှတ်ချက်မှာလည်း အထက်ပါ အခြေအနေများအတိုင်း ဖြစ်နိုင်ချေ များပါသည်။ ဥပမာအားဖြင့် Total ၏ မုတ္တမ စာချုပ်ပါ လျှို့ဝှက်ထားရေးဆိုင်ရာ အပိုဒ် ရည်ညွှန်းချက်မှာ စာချုပ်ပါ သတ်မှတ်ချက်များကို မဆိုလိုပဲ လုပ်ငန်းဆောင်ရွက်စဉ်အတွင်း မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း (MOGE) မှ ရရှိသည့် အချက်အလက်များကို ရည်ညွှန်းသည်ကို တွေ့ရသည်။[၃၆] ကုန်းတွင်းထုတ်လုပ်မှု ခွဲဝေခြင်းဆိုင်ရာ စာချုပ်နမူနာတွင်လည်း အလားတူ ဖော်ပြထားသည်ကို တွေ့ရသည်။[၃၇] ထို့ပြင် ဖြစ်စဉ် ၂ ခုလုံးတွင် အချက်အလက်များကို ဖြစ်နိုင်သမျှ အတင်းကျပ်ဆုံး၊ အလျှို့ဝှက်ဆုံး ထိန်းသိမ်းရန်မှာ ကန့်ထရိုက်တာ ဖြစ်သည်။ အစိုးရအနေဖြင့် ထုတ်ပြန်မှုများ ပြုလုပ်ခြင်းကို တားဆီးထားသည့် အရေးအသား တစ်စုံတစ်ရာ မပါရှိပါ။

ဓါတ်သတ္တု စမ်းသပ်တိုင်းတာရေး သဘောတူညီချက် နမူနာစာချုပ်တွင် လုပ်ငန်းဆောင်ရွက် လည်ပတ်ခြင်းနှင့်ပတ်သက်သည့် အချက်အလက်များ အားလုံးကို လျှို့ဝှက်ထားရမည်ဟု ဖော်ပြထားသည်။ သို့သော်လည်း ခြွင်းချက်အနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ အစုအဖွဲ့ သို့မဟုတ် စည်းကမ်းကြီးကြပ်ရေးဆိုင်ရာ အာဏာပိုင် သို့မဟုတ်၊ ဥပဒေ နှင့် စည်းမျဉ်းစည်းကမ်းများအရ လိုအပ်လာပါက ထုတ်ပြန်ပေးရမည်ဟု ၎င်းနမူနာ သဘောတူညီချက်တွင် ဖော်ပြထားသည်။[၃၈] ၎င်းသတ်မှတ်ချက်များအရ မြန်မာအစိုးရသည် ဥပဒေထုတ်ပြန်ခြင်း သို့မဟုတ် လက်ရှိ စည်းမျဉ်းစည်းကမ်းများကို ပြုပြင်ခြင်းဖြင့် ထုတ်ပြန်မှုများ ပေါ်ပေါက်လာအောင် ဆောင်ရွက်နိုင်သည်။ အကြီးစား ထုတ်လုပ်မှု ခွဲဝေခြင်း စာချုပ်နမူနာတွင် ကုမ္ပဏီများကို စာချုပ်များ ထုတ်ပြန်ခြင်း မပြုလုပ်ရဟု တားမြစ်ထားသော်လည်း၊ အစိုးရကို တားမြစ်ထားခြင်း

---

၃၃ "Q&A with Total," EITI, Apr 10, 2018, eiti.org/blog/qa-with-total-first-major-to-adopt-contract- transparency-policy.

၃၄ Peter Rosenblum and Susan Maples, *Contracts Confidential: Ending Secret Deals in the Extractive Industries* (Revenue Watch Institute, 2009), p.13, resourcegovernance.org/sites/default/files/RWI- Contracts-Confidential.pdf.

၃၅ Ghana Extractive Industries Transparency Initiative and the Natural Resource Governance Institute, *Contract Disclosure in the Ghanaian Extractive Industries* (August 2017).

၃၆ Total Myanmar Exploration and Production and Myanma Oil and Gas Enterprise, Moattama Area, PSA (1992), https://www.resourcecontracts.org/contract/ocds-591adf-6716589315/view#/pdf. Note: confidentiality provisions are set out in Article 27.5 of the agreement. Part of this section is missing from the U.S. court disclosure. We therefore do not have a full picture of the confidentiality provisions of the contract.

၃၇ Myanmar Oil and Gas Enterprise, *Model Production Sharing Contract for Onshore Exploration and Production of Petroleum,* Section 27.

၃၈ Government of the Republic of the Union of Myanmar Ministry of Mines, *Model Exploration Agreement*, Article XVI. www.mining.gov.mm/DM_mm/default.asp?page=2.

မရှိသည်ကို တွေ့ရသည်။[၁၉]

## ၂။ မြန်မာနိုင်ငံ၏ စာချုပ်စာတမ်း ထုတ်ပြန်မှု လတ်တလောအနေအထား

လက်ရှိအချိန်ထိ မြန်မာနိုင်ငံ အစိုးရသည် ရေနံ သဘာဝဓါတ်ငွေ့၊ ဓါတ်သတ္တုတူးဖော်ရေး ကုမ္ပဏီများ နှင့် ချုပ်ဆိုထားသည့် စာချုပ်တစ်ခုကိုမှ ထုတ်ပြန်ခြင်း မရှိသေးပါ။ အဓိက ရင်းနှီးမြှုပ်နှံသူ အများ အပြားက ထောက်ခံအားပေးပြီး၊ ဖွင့်ပြရန် ကဏ္ဍအလိုက် ချမှတ်ထားသည့် ဥပဒေများဖြင့် ကန့်သတ် ထားမှု မရှိသည့်တိုင်အောင် အစိုးရသည် ပွင့်လင်းမြင်သာမှု အားကောင်းလာစေရန် ရှေ့ဦးစိုက် ထုတ် ဆောင်ရွက်မှု တစ်စုံတစ်ရာ မရှိသေးသည်ကို တွေ့ရသည်။ (ဇယားကွက် ၁ ကိုကြည့်ပါ)

| ကဏ္ဍ | လက်ရှိဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ | လုပ်ထုံးလုပ်နည်းများ |
|---|---|---|
| ရေနံ၊ သဘာဝဓါတ်ငွေ့ | ထုတ်ကုန်ခွဲဝေမှုစာချုပ် (PSCs) – လက်ရှိတွင် မြန်မာနိုင်ငံ၏ ရေနံထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းများကို အဓိက လွှမ်းခြုံထားသည့် ဥပဒေဆိုင်ရာ စာချုပ်စာတမ်း ဖြစ်သည်။ စာချုပ်များကို ထုတ်ပြန်ရန် သတ်မှတ်ထားခြင်း မရှိပါ။ လွှတ်တော်တွင် ရေနံဥပဒေသစ်ကို မူကြမ်းပြုစုလျက်ရှိပြီး ၎င်းတွင် စာချုပ်ထုတ်ပြန်ရေးနှင့်ပတ်သက်ပြီး ထုတ်ပြန်မှု ပြုလုပ်ရမည်ဟု သတ်မှတ်ထားခြင်း သို့မဟုတ် ကန့်သတ်ထားခြင်း မရှိပါ။ မူကြမ်းရေးဆွဲမှု လုပ်ငန်းစဉ်ကို ပြုပြင်ပြောင်းလဲရေးအတွက် အခွင့်အလမ်းအဖြစ် အသုံးချနိုင်သည်။ | နမူနာ PSC စာချုပ်များကို အများပြည်သူ လေ့လာနိုင်ရန် ထုတ်ပြန်ထားသည်။ အများပြည်သူများ လေ့လာနိုင်သည့် PSC စာချုပ်တစ်ခုသာ ရှိသည်။ MOGE နှင့် Total တို့၏ PSC စာချုပ် ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုရှိ တရားခွင် ကြားနာမှုကြောင့် ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။ |
| သတ္တုတွင်း | ၂၀၁၅ သတ္တုတွင်းဥပဒေ နှင့် ၂၀၁၈ သတ္တုတွင်း နည်းဥပဒေများတွင် စာချုပ်ထုတ်ပြန်ဖွင့်ပြခြင်းကို ပြုလုပ်ရမည်ဟု သတ်မှတ်ထားခြင်း မရှိသကဲ့သို့ ပိတ်ပင်ထားခြင်း မရှိပါ။ | တူးဖော်ရေး နှင့် ထုတ်လုပ်ရေး စာချုပ် နမူနာများကို ထုတ်ပြန်ထားသည်။ အမှန်တကယ် အသက်ဝင် အသုံးပြုနေသည့် စာချုပ်တစ်ခုကိုမျှ ထုတ်ပြန်ထားခြင်း မရှိပါ။ |
| ကျောက်မျက် | ၂၀၁၉ ကျောက်မျက်ဥပဒေတွင် စာချုပ် ထုတ်ပြန်ဖွင့်ပြခြင်းကို ပြုလုပ်ရမည်ဟု သတ်မှတ်ထားခြင်း မရှိသကဲ့သို့ ပိတ်ပင်ထားခြင်းလည်း မရှိပါ။ သို့သော်လည်း မြန်မာ့ကျောက်မျက် မူဝါဒ မူကြမ်းတွင် စာချုပ်များကို အများပြည်သူထံသို့ ထုတ်ပြန်ဖွင့်ပြရမည်ဟု အတိအလင်း ဖော်ပြထားသည်။ | နမူနာစာချုပ်၊ အမှန်တကယ် အသက်ဝင် အသုံးပြုနေသည့် စာချုပ် တစ်ခုကိုမျှ ထုတ်ပြန်ထားခြင်း မရှိပါ။ |

ဇယားကွက် ၁။ မြန်မာ့တွင်းထွက်တူးဖော်ရေး လုပ်ငန်းကဏ္ဍတွင် လက်ရှိကျင့်သုံးနေသည့် ဥပဒေ နှင့် လုပ်ထုံးလုပ်နည်းများ

ကဏ္ဍအလိုက် ထုတ်ပြန်ထားသည့် ဥပဒေများအပြင် ၂၀၁၆ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေတွင်လည်း ထုတ်ပြန်မှုများကို အထောက်အကူ ဖြစ်စေသည့် သတ်မှတ်ချက်များ ပါဝင်သည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်အနေဖြင့် ပြည်ထောင်စု နှင့် နိုင်ငံသားများ၏ အမျိုးသား အကျိုးစီးပွား၊ လုံခြုံရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်ကို ကြီးမားစွာ သက်ရောက်မှုများ ရှိမည့် စီမံကိန်းများအတွက် ရင်းနှီးမြှုပ်နှံမှု ပါမစ်ထုတ်ပြန်ပေးခြင်း မပြုလုပ်မီ ပြည်ထောင်စုလွှတ်တော်မှ ခွင့်ပြုချက် လိုသည်ဟု ဥပဒေတွင် သတ်မှတ်ထားသည်။[၂၀] မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် ''ကြီးမားစွာ'' ဟူသော စကားရပ်ကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း သို့မဟုတ် စမ်းသပ်ဆောင်ရွက်ခြင်း မရှိသေးသော်လည်း အကြီးစား တူးဖော်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများသည် ယင်းသတ်မှတ်ချက်အောက်တွင် ပါဝင်နိုင်ဖွယ် ရှိသည်။ လွှတ်တော်အနေဖြင့် စိစစ်မှုများ ပြုလုပ်နိုင်ရန် နှင့် လုပ်ငန်း အခန်းကဏ္ဍများကို သုံးသပ်နိုင်ရန် စာချုပ်များနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက်များကို အများပြည်သူ သိရှိစေရန် ထုတ်ပြန်ပေးမှု ပြုလုပ်သင့်သည်။

၁၉ Government of the Republic of the Union of Myanmar Ministry of Natural Resources and Environmental Conservation, Model Large-Scale Production Sharing Agreement, Article XXV. www. mining.gov.mm/DM_mm/default.asp?page=2.

၂၀ ၂၀၁၆ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အပိုဒ် ၄၇

## ၃။ စာချုပ်ဖွင့်ပြထုတ်ပြန်မှုနှင့် ပတ်သက်ပြီး ဆောင်ရွက်နိုင်သည့် ရှေ့လုပ်ငန်းစဉ်များ

၂၀၁၉ ခုနှစ်အတွင်း မြန်မာ့တူးဖော်ရေးလုပ်ငန်းများတွင် ပြောင်းလဲတိုးတက်မှုကြီးများ ဖြစ်ပေါ်လာမည်ဟု မျှော်လင့်ချက်များ ရှိနေခြင်းကြောင့် ဖွင့်ပြထုတ်ပြန်မှုများတွင် တိုးတက်မှုများ ဖော်ဆောင်ရန် အစိုးရ အတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။ အောက်ဖော်ပြပါ လုပ်ငန်းအဆင့်များသည် အစိုးရ၏ စာချုပ် ဖွင့်ပြထုတ်ပြန်မှု လုပ်ငန်းစဉ်များ နှင့် ၂၀၂၁ ဇန်နဝါရီ ၁ မှ စတင်အသက်ဝင်မည့် EITI သတ်မှတ်ချက် အသစ် ပြည့်မီရေးကို အထောက်အကူပြုမည် ဖြစ်သည်။

> ### ဇယားကွက် ၂။ ထုတ်ပြန်သင့်သည့် အကြောင်းအရာများ
>
> **စာချုပ်များ နှင့် လိုင်စင်များ**
>
> - ပင်မ သဘောတူညီချက်များ
> - နောက်ဆက်တွဲများ
> - ပြင်ဆင်ချက်များ
>
> **သဘာဝဝန်းကျင်နှင့် လူမှုဝန်းကျင်ဆိုင်ရာ စာရွက်စာတမ်းများ**
>
> *ထုတ်ပြန်မှု ပြုလုပ်ရန် ဥပဒေအရ သတ်မှတ်ထားပြီးဖြစ်သည်။*
>
> - သဘာဝဝန်းကျင် ထိခိုက်မှု ဆန်းစစ်ချက် သို့မဟုတ် သဘာဝ ဝန်းကျင်ဆိုင်ရာ ကနဦး ဆန်းစစ်ချက်နှင့် ဆက်စပ် သဘာဝဝန်းကျင် စီမံမှု အစီအစဉ်
> - EMP ခြောက်လတစ်ကြိမ် စောင့်ကြည့်မှု အစီရင်ခံစာ
> - သဘာဝ ဝန်းကျင်ဆိုင်ရာ သတ်မှတ်ချက် လိုက်နာမှု လက်မှတ် (ECCs)
>
> *ထုတ်ပြန်မှု ပြုလုပ်ရမည်ဟု သတ်မှတ်ချက် မရှိသေးသော်လည်း လိုအပ်သည်။*
>
> - EIA/IEE မပါဝင်သည့် EMPs
> - လူမှုရေး အကျိုးပြုလုပ်ငန်း အစီရင်ခံစာ (MIC မှ ပါမစ်ချထားပေးသည့် စီမံကိန်းတိုင်းသည် နှစ်ပတ်လည် လုပ်ငန်းအစီရင်ခံစာတွင် ယင်းအကျိုးပြု အသုံးစရိတ်များကို ထည့်သွင်းဖော်ပြ ရမည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက် ၁၉၆/၁၉၉ အရ ယင်း အစီရင်ခံစာကို ထုတ်ပြန်မှု ပြုလုပ်ရမည်)

### ၁။ မြန်မာ EITI လုပ်ငန်းအစီအစဉ်တွင် စာချုပ်များ ထုတ်ပြန်ဖွင့်ပြရေးနှင့် ဆိုင်သည့် လုပ်ငန်းအစီအစဉ် တစ်ခုကို သဘောတူ ထည့်သွင်းရန်။

၂၀၁၉ EITI စံနှုန်းအပြောင်းအလဲများကို ပြည့်မီစေရန် မြန်မာ EITI အနေဖြင့် တူးဖော်ရေးလုပ်ငန်း စီမံကိန်းများကို ထိန်းချုပ်ထားသည့် စာချုပ်များနှင့် လိုင်စင်များ အားလုံး ဖွင့်ပြထုတ်ပြန်နိုင်ရန်အတွက် လုပ်ငန်းအစီအစဉ် တစ်ခုကို ပြုစု ဖော်ထုတ်သင့်သည်။ ၎င်းအစီအစဉ် အကောင်အထည်ဖော်မည့် အချိန် ကန့်သတ်ချက်ကိုလည်း ရှင်းလင်းစွာ ထည့်သွင်း ဖော်ပြထားရမည်။ ထုတ်ပြန်ဖွင့်ပြခြင်းကို အတားအဆီး ဖြစ်စေသည့် ကိစ္စများကို ဖော်ထုတ်ဆန်းစစ်ပြီး၊ ဖြေရှင်းပုံများကိုလည်း ၎င်းလုပ်ငန်း အစီအစဉ်တွင် ထည့်သွင်း အကြံပြုရမည်။ လုပ်ငန်းအစီအစဉ် ပြုစုပြီးပါက မြန်မာ EITI ကိုယ်စားလှယ် များသည် သက်ဆိုင်ရာ အစိုးရ၊ လုပ်ငန်းအလိုက် အာဏာပိုင်များနှင့် တွေ့ဆုံပြီး လုပ်ငန်း အစီအစဉ် အကောင်အထည်ဖော်မည့် ပုံစံကို ဆွေးနွေးသင့်သည်။ EITI သုံးပွင့်ဆိုင် ညှိနှိုင်းပေါင်းအဖွဲ့ အနေဖြင့် လုပ်ငန်းအစီအစဉ်ကို အစိုးရက အကောင်အထည် ဖော်နေပုံကို ပုံမှန် သုံးသပ်မှုများ ပြုလုပ်သင့်သည်။

### ၂။ စာချုပ်သစ်များတွင် စာချုပ်ထုတ်ပြန်ဖွင့်ပြမှုများ ပြုလုပ်နိုင်ရန် သတ်မှတ်ချက် ထည့်သွင်းရန်

မြန်မာအစိုးရနှင့် ရင်းနှီးမြှုပ်နှံသူများသည် စာချုပ်ဖွင့်ပြထုတ်ပြန်ရမည်ဟု အတိအလင်း ဖော်ပြထားသည့် လျှို့ဝှက်မှုဆိုင်ရာ အပိုဒ်များကို စာချုပ်သစ်များတွင် ထည့်သွင်းသင့်သည်။ စာချုပ်သစ် ပြုပြင်ခြင်း၊ သက်တမ်းတိုးခြင်း သို့မဟုတ် ပြန်လည်ညှိနှိုင်းခြင်းတို့ ပြုလုပ်ပါက စာချုပ်ပါ အချက်အလက်များ ပြုပြင်နိုင်သည့် အခွင့်အလမ်းတစ်ခုအနေဖြင့် အသုံးချနိုင်သင့်သည်။ အနိမ့်ဆုံးအနေဖြင့် ဥပဒေအရ

သို့မဟုတ် စည်းကမ်းကြီးကြပ်သည့် ဌာနမှ တောင်းဆို သတ်မှတ်လာပါက အစိုးရသည် စာချုပ်များ ထုတ်ပြန်နိုင်သည်ဟု လျှို့ဝှက်မှုဆိုင်ရာ အပိုဒ်များတွင် ထည့်သွင်းရေးသားသင့်သည်။ ယင်းကိစ္စနှင့် ပတ်သက်ပြီး သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ တူးဖော်ခြင်းဆိုင်ရာ နမူနာ စာချုပ်ကို ဥပမာအဖြစ် ကိုးကားနိုင်သည်။ အကောင်းဆုံးမှာ စာချုပ်များကို အများပြည်သူသို့ ထုတ်ပြန် ရမည် ဟူသော သတ်မှတ်ချက်ကို စာချုပ်တွင် ထည့်သွင်းရေးသားခြင်း ဖြစ်သည်။ အာဖဂန်နစ္စတန်၊ မက္ကစီကို၊ မွန်ဂိုလီးယား အပါအဝင် နိုင်ငံအများအပြား နှင့် International Bar Association တို့၏ သတ္တုတူးဖော်မှုဆိုင်ရာ၊ ရေနံစာချုပ်၊ သဘောတူညီချက် နမူနာတွင် ၎င်းအချက်များကို ထည့်သွင်းထား သည်။ (နောက်ဆက်တွဲတွင် လေ့လာနိုင်ပါသည်)

## ၃။ မကြာမီ ပြန်လည်လုပ်ဆောင်တော့မည့် ခွင့်ပြုမိန့် လိုင်စင်ချထားပေးသည့် လုပ်ငန်းစဉ်တွင် စာချုပ် ဖွင့်ပြထုတ်ပြန်မှုကို ပေါင်းစပ်လုပ်ဆောင်ရန်။

*ခွင့်ပြုမိန့်၊ လိုင်စင်သစ် ချထားပေးမှု များ စတင်တော့မည်ဖြစ်ရာ စာချုပ်များ အားလုံး အများပြည်သူ သိရှိစေရန် ထုတ်ပြန်သွားမည်ဟူသော ရည်ရွယ်ချက် မျိုး အစိုးရတွင် ပြင်ဆင်ထားသင့်သည်။*

တူးဖော်ရေးလုပ်ငန်းများတွင် လိုင်စင်သစ်များ အလုံးအရင်းနှင့် ချထားပေးတော့မည်ဖြစ်သည်။ စွမ်းအင် နှင့် လျှပ်စစ်ဝန်ကြီးဌာန (ရေနံ) နှင့် သဘာဝ သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာန (ဓာတ် သတ္တု နှင့် ကျောက်မျက်) တို့အနေဖြင့် စာချုပ်သစ်များကို အများပြည်သူ သိစေရန် ထုတ်ပြန်သွားမည် ဟူသော ရည်မှန်းချက်များ ထားရှိသင့်သည်။ လိုင်စင်အသစ် ချထားပေးသည့် လုပ်ငန်းစဉ်နှင့် ဆက်စပ် သည့် လိုင်စင် နှင့်/သို့မဟုတ် နမူနာစာချုပ်များအတွက် လုပ်ငန်းအကောင်အထည်ဖော်မှု စံသတ်မှတ် ချက် (standard operating procedures) ပြုစုရာတွင် စာချုပ်ဖွင့်ပြမှုဆိုင်ရာ သတ်မှတ်ချက်များ ထည့်သွင်းရေးသားခြင်းဖြင့် ရည်မှန်းချက်များ ပြည့်မီအောင် ဆောင်ရွက်နိုင်ပါသည်။ တွင်းထွက်များ နှင့် ကျောက်မျက်ကဏ္ဍတွင် လုပ်ကွက် မှတ်ပုံတင်စနစ် (ကြေးတိုင်စနစ်) ကို လမ်းကြောင်းတစ်ခုအနေဖြင့် အသုံးချပြီး စာချုပ်များကို အများပြည်သူ အလွယ်တကူ သိရှိစေရန် ဖြန့်ချိနိုင်သည်။

## ၄။ ဥပဒေမူဘောင်တွင် စာချုပ်ထုတ်ပြန်ခြင်းကို ထည့်သွင်းရေးသားထားရန်။

ရေနံနှင့် ဓာတ်ငွေ့ကဏ္ဍတွင် ဖွင့်ပြထုတ်ပြန်မှုများ ပြုလုပ်ခြင်းကို ဥပဒေဖြင့် သတ်မှတ်နိုင်ရန် လက်ရှိ ပြုစုနေသည့် ရေနံ ဥပဒေမူကြမ်းမှတဆင့် ဆောင်ရွက်နိုင်သည်။ ကျောက်မျက်ကဏ္ဍတွင်မူ စာချုပ်ဖွင့်ပြ မှုဆိုင်ရာ သတ်မှတ်ချက် ပါဝင်မှုမရှိသည့် ဥပဒေသစ်ကို အစိုးရက အတည်ပြုခဲ့သည်။ သို့သော်လည်း နောက်ဆုံးအဆင့် အမျိုးသား ကျောက်မျက်မူဝါဒတွင်မူ ထုတ်ပြန်ဖွင့်ပြမှုများ ပြုလုပ်ရန် ကတိကဝတ်များ ပါရှိသည်။ အစိုးရအနေဖြင့် ယင်းမူဝါဒကို အတည်ပြုလိုက်ပါက မူဝါဒနှင့် ကိုက်ညီမှု ရှိစေရန် ကျောက် မျက်ဥပဒေကို ပြန်လည်သုံးသပ်ရန် လိုအပ်မည်ဖြစ်သည်။ ဓာတ်သတ္တုကဏ္ဍတွင်မူ အစိုးရသည် ဥပဒေ များနှင့် စည်းမျဉ်းစည်းကမ်းများ ပြုပြင်ခြင်းကို မကြာသေးမီကပင် ပြုလုပ်ထားသည်ဖြစ်ရာ အပြောင်း အလဲများ ဆက်လက်ပြုလုပ်ရန် တက်ကြွမှု အားနည်းမည့်သဘော ဖြစ်သည်။ သို့သော်လည်း သဘာဝ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ဓာတ်သတ္တုမူဝါဒကို ရေးဆွဲလျက်ရှိသည်။ ၎င်း မူဝါဒတွင် စာချုပ်ထုတ်ပြန်ရေးကို ထည့်သွင်းသင့်ပြီး၊ သင့်တော်သည့် အချိန်တွင် အစိုးရအနေဖြင့် သတ္တုတွင်းဥပဒေကို မူဝါဒနှင့် ကိုက်ညီအောင် ပြန်လည်ပြင်ဆင်သင့်သည်။

## ၅။ စာချုပ်များ နှင့် ဆက်စပ် စာရွက်စာတမ်းများ အားလုံး ထုတ်ပြန်ပါ။

*နောက်ဆုံးအနေဖြင့် နိုင်ငံတော်အစိုးရ သည် ရင်းနှီးမြှုပ်နှံသူများနှင့် လက်မှတ်ရေးထိုးထားသော သယံဇာတ တူးဖော်ခြင်း ထုတ်လုပ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များ ဖော်ပြထားသည့် စာချုပ်များ အားလုံးကို ထုတ်ပြန် သင့်သည်။*

နောက်ဆုံးအနေဖြင့် နိုင်ငံတော်အစိုးရသည် ရင်းနှီးမြှုပ်နှံသူများနှင့် လက်မှတ်ရေးထိုးထားသော သယံ ဇာတ တူးဖော်ခြင်း ထုတ်လုပ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များ ဖော်ပြထားသည့် စာချုပ်များ အားလုံးကို ထုတ်ပြန်သင့်သည်။ (ရေနံနှင့် ဓာတ်ငွေ့ပိုက်လိုင်း စာချုပ်ဆိုပါက သယ်ယူပို့ဆောင်ရေးဆိုင်ရာ စာချုပ် များကိုပါ ထုတ်ပြန်သင့်သည်) ထုတ်ပြန်မှုများ ပြုလုပ်ရာတွင် နောက်ဆက်တွဲများ၊ ပြင်ဆင်ချက်များလည်း ပါဝင်ရမည်ဖြစ်ပြီး၊ မူရင်းစာချုပ် ကိုယ်ထည်နှင့် လိုင်စင်တွင် ပါဝင်ထားသည့် အခွင့်အရေးများ သို့ မဟုတ် လိုက်နာရမည့် အချက်များကို အသေးစိတ် ရှင်းလင်းထားသည့် လူမှုရေးနှင့် သဘာဝ ဝန်းကျင် ဆိုင်ရာ စာရွက်စာတမ်းများကိုလည်း ထည့်သွင်း ထုတ်ပြန်ရမည်။ (ဇယားကွက် ၃ ကိုကြည့်ပါ) ၂၀၁၅ ထိခိုက်နစ်နာမှု ဆန်းစစ်ချက် လုပ်ငန်းစဉ်များအရ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဌာနအနေဖြင့် IEE အစီရင်ခံစာများ၊ EIA အစီရင်ခံစာ နှင့် ECCs တို့ကို ဝန်ကြီးဌာန ဝက်ဘ်ဆိုက်မှတဆင့် အများ ပြည်သူ သိရှိနိုင်ရန် ထုတ်ပြန်သွားရမည်ဟု သတ်မှတ်ထားသည်။ စာရွက်စာတမ်းများ အားလုံးကို တစ်နေရာတည်းတွင် ရရှိနိုင်အောင် စုစည်းပေးထားခြင်းဖြင့် အသုံးပြုသူများသည် အခင်းအကျင်း တစ်ခုလုံးကို နားလည်နိုင်မည်ဖြစ်ပြီး၊ ၎င်းတို့ သိလိုသည်များကိုလည်း အလွယ်တကူ ရှာဖွေနိုင်မည် ဖြစ်သည်။

## ဇယားကွက် ၃။ ၂၀၁၉ ခုနှစ်တွင် ဖြစ်ပေါ်လာနိုင်သည့် စာချုပ်ပွင့်လင်းမြင်သာမှု ဆိုင်ရာ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ

**ရေနံဥပဒေ** – ၂၀၁၈ နှစ်ကုန်ပိုင်းတွင် လွှတ်တော်သို့ တင်သွင်းခဲ့သည့် ရေနံမူကြမ်းတွင် စာချုပ်ထုတ်ပြန်ဖွင့်ပြမှုဆိုင်ရာ သတ်မှတ်ချက်များကို ထည့်သွင်းရေးသားနိုင်သည်။

**ရေနံလိုင်စင် ချထားပေးခြင်း** – ၂၀၁၉ နှစ်မှစ၍ ကုန်းတွင်း၊ ကမ်းလွန် ရေနံလုပ်ကွက်များ လိုင်စင်ချထားပေးခြင်းကို ပြုလုပ်သွားရန် အစိုးရမှ ရည်ရွယ်ထားသည်။ လေလံ လုပ်ငန်းစဉ် နှင့်/သို့မဟုတ် ဆက်စပ် နမူနာစာချုပ်များတွင် စာချုပ်ထုတ်ပြန်ဖွင့်ပြခြင်း သတ်မှတ်ချက်ကို ထည့်သွင်းရေးသားနိုင်သည်။ ၂၀၁၅ ခုနှစ်တွင် လက်မှတ်ရေးထိုးထားသည့် PSC များ ပြန်လည်ညှိနှိုင်းရန် ဆွေးနွေးနေမှုများသည် ထုတ်ပြန်ဖွင့်ပြမှုများ ပြုလုပ်ခြင်းကို စာချုပ်ပါ အချက်အလက်များအဖြစ် ထည့်သွင်းနိုင်ရန် အခွင့်အလမ်းတစ်ခု ဖြစ်သည်။[၂၁]

**ဓါတ်သတ္တု ခွင့်ပြုမိန့် ချထားပေးခြင်း** – ၂၀၁၈ သတ္တုတွင်း နည်းဥပဒေအရ ပြည်နယ်/တိုင်းဒေသကြီး အာဏာပိုင်များနှင့် ပြည်ထောင်စု အာဏာပိုင်များသည် ခွင့်ပြုမိန့် အသစ်များကို ချထားပေးလျက်ရှိသည်။ ခွင့်ပြုမိန့် ချထားပေးခြင်း နှင့်/သို့မဟုတ် ဆက်စပ် စာချုပ်နမူနာများအတွက် စံသတ်မှတ်လုပ်ငန်းစဉ်များ ရေးဆွဲရာတွင် စာချုပ်ထုတ်ပြန်ဖွင့်ပြခြင်းကို ထည့်သွင်းရေးသားနိုင်သည်။ ပြည်ထောင်စုအစိုးရက ချထားပေးသည့် အလတ်စားနှင့် အကြီးစား ခွင့်ပြုမိန့်များ၊ တစ်ဦးချင်းစီအလိုက် ချုပ်ဆိုသည့် စာချုပ်များကိုလည်း ထုတ်ပြန်မှုများ ပြုလုပ်သင့်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများက ထုတ်ပြန်ပေးသည့် လက်လုပ်လက်စား နှင့် အသေးစား လုပ်ငန်းများအတွက်မူ နမူနာစာချုပ်များ သို့မဟုတ် ပါမစ်ပုံစံများ ထုတ်ပြန်ခြင်းဖြင့် လုံလောက်မှု ရှိနိုင်ပါသည်။

**ကျောက်မျက်တူးဖော်ရေး ခွင့်ပြုမိန့် ချထားပေးခြင်း** – ၂၀၁၉ ခုနှစ် ကျောက်မျက်ဥပဒေ အတည်ပြုပြီးနောက်တွင် အစိုးရအနေဖြင့် ကျောက်မျက်လိုင်စင်များ ချထားပေးမှု ရပ်ဆိုင်းထားခြင်းကို ပြည်ထောင်စု အစိုးရမှ ပယ်ဖျက်လိုက်ပါက လိုင်စင်ချထားပေးခြင်း နှင့်/သို့မဟုတ် ဆက်စပ် စာချုပ်နမူနာများအတွက် စံသတ်မှတ်လုပ်ငန်းစဉ်များ ရေးဆွဲရာတွင် စာချုပ်ထုတ်ပြန်ဖွင့်ပြခြင်းကို ထည့်သွင်းရေးသားနိုင်သည်။

**ဓါတ်သတ္တုနှင့် ကျောက်မျက် ခွင့်ပြုမိန့် မှတ်ပုံတင် မြေပုံအညွှန်း (Cadastre)** – ခွင့်ပြုမိန့် ချထားပေးသည့် လုပ်ထုံးလုပ်နည်းများကို အဆင့်မြှင့်တင်ရန်၊ စာချုပ်များ ထုတ်ပြန်မှုအတွက် လမ်းကြောင်းတစ်ခုအဖြစ် နှင့် ဓါတ်သတ္တုနှင့် ကျောက်မျက်ခွင့်ပြုမိန့် မှတ်ပုံတင် မြေပုံအညွှန်း (Cadastre) လုပ်ငန်းစဉ်ကို အသုံးချနိုင်သည်။ ကမ္ဘာတွင် ကျင့်သုံးနေသည့် အကောင်းဆုံး မှတ်ပုံတင် လုပ်ငန်းစဉ်နှင့်အညီ ဆောင်ရွက်သွားနိုင်သည်။

**ကျောက်မျက်မူဝါဒ** – မူဝါဒ နောက်ဆုံးမူကြမ်းတွင် စာချုပ်ထုတ်ပြန်ဖွင့်ပြခြင်းကို သတ်မှတ်ချက်တစ်ခုအနေဖြင့် ထည့်သွင်းထားသည်။ သင့်တော်သည့် အချိန်တစ်ခုတွင် မူဝါဒနှင့် ဥပဒေမူဘောင် ကိုက်ညီမှုရှိအောင် အစိုးရအနေဖြင့် ပြုပြင်ဆောင်ရွက်မှုများ ပြုလုပ်ရန် လိုအပ်မည်ဖြစ်သည်။

---

၂၁ Chan Mya Htwe. *Govt, Investors Must Give and Take for More Oil and Gas Profit: Expert* (Myanmar Times, 28 February 2019), www.mmtimes.com/news/govt-investors-must-give-and-take-more-oil- and-gas-profit-expert.html.

## နောက်ဆက်တွဲ – စာချုပ်အချို့ နှင့် ဥပဒေအချို့မှ စာချုပ်ထုတ်ပြန်ဖွင့်ပြခြင်းဆိုင်ရာ သတ်မှတ်ချက်များ

| နိုင်ငံ | စာချုပ်ထုတ်ပြန်ဖွင့်ပြခြင်းဆိုင်ရာ သတ်မှတ်ချက်များ | ကိုးကား |
|---|---|---|
| *စာချုပ်ပါ စာသား* | | |
| **မက္ကဆီကို** | **၂၉.၂ အများပြည်သူဆိုင်ရာ အချက်အလက်** – နည်းပညာပိုင်းဆိုင်ရာ၊ ဉာဏပိုင်ဆိုင်မှုမှအပ၊ စာချုပ်မှ ရရှိလာသည့် အချက်အလက်များ၊ စာရွက်စာတမ်းများအားလုံး အပါအဝင် ထုတ်လုပ်သည့် ဟိုက်ဒရိုကာဗွန် အရေအတွက်၊ ပေးသွင်းမှုများနှင့် စာချုပ်ပါ သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ပေးသွင်းရမှုများကို အများပြည်သူဆိုင်ရာ အချက်အလက်အဖြစ် ယူဆသည်။ သတင်းအချက်အလက်၊ နည်းပညာ သို့မဟုတ် ဉာဏပိုင်းဆိုင်ရာ ပိုင်ဆိုင်မှုများနှင့် ပတ်သက်သည့် လျှို့ဝှက်ချက်များကို ချိုးဖောက်သည်ဟု သတ်မှတ်နိုင်မှု မရှိမခြင်း သက်ဆိုင်ရာ ဥပဒေတွင် ဖော်ပြထားသည့် ပွင့်လင်းမြင်သာမှုဆိုင်ရာ ပြဋ္ဌာန်းချက်အရ ကန်ထရိုက်မှ ကွန်ပျူတာစနစ်တွင် မှတ်ပုံတင်ထားသည့် အချက်အလက်များကိုလည်း အများပြည်သူ သိနိုင်သည့် ပြည်သူ့ဆိုင်ရာ အချက်အလက်အဖြစ် သတ်မှတ်သည်။ | Contract for Area Contractual 2 rondasmexico.gob.mx/esp/ contratos/cnh-r01-l01-a22015/ ?tab=02<br>(google မှ ဘာသာပြန်ချက်) |
| **မွန်ဂိုလီးယား** | **၁၅.၂၁** ယခု သဘောတူညီချက်ကို အများပြည်သူထံသို့ ထုတ်ပြန်သွားမည်ဖြစ်သည်။ | Oyu Tolgoi Investment Agreement ot.mn/agreements/ |
| **အာဖဂန် နစ္စတန်** | **၃၃.၁။ ပွင့်လင်းမြင်သာမှု** – ဝန်ကြီးဌာနသည် စာချုပ်မိတ္တူကို ဟိုက်ဒရိုကာဗွန် လုပ်ငန်းဆိုင်ရာ မှတ်တမ်းတွင် သိမ်းဆည်းထားမည် ဖြစ်သကဲ့သို့ ပုံနှိပ်ထုတ်ဝေဖြန့်ချိမှုများ ပြုလုပ်ကာ အများပြည်သူ လေ့လာနိုင်ရန် စီစဉ်ခွင့်ရှိသည်။ ဟိုက်ဒရိုကာဗွန် ဥပဒေ၊ ၎င်းဥပဒေအောက်မှ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ EITI အပါအဝင် အစိုးရက လက်ခံထားသည့် ပွင့်လင်းမြင်သာမှုဆိုင်ရာ အခြေခံမူများ သို့မဟုတ် မူဝါဒများ စာချုပ်ပါ အချက်အလက်များနှင့်အညီ စာချုပ်ဆိုင်ရာ အစီရင်ခံစာများ၊ ကန်ထရိုက်နှင့် ဆိုင်သည့် အစီရင်ခံစာများ၊ ဆက်စပ် စာရွက်စာတမ်းများကို ဒေသန္တရ အာဏာပိုင်များသို့ ဖြန့်ဝေပေးနိုင်ခွင့် ရှိသည်။ ထုတ်လုပ်မှုနှင့် ဝင်ငွေခွန်များ၊ ထုတ်လုပ်မှု ရှယ်ယာများ၊ အခွန်တော်များ၊ အခကြေးများ၊ အခြားအခွန်များ၊ ဝန်ကြီးဌာနမှ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက် ခံစားရသည့် ဘဏ္ဍာရေးဆိုင်ရာ အကျိုးအမြတ်များ၊ စာချုပ်အရ သို့မဟုတ် စာချုပ်နှင့် ဆက်နွယ်၍ ကန်ထရိုက်မှ ပေးသွင်းသည့် ပမာဏ အပါအဝင် ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များကိုလည်း ပါဝင်ထုတ်ပြန်နိုင်သည်။ ဝန်ကြီးဌာနအနေဖြင့် အမျိုးသား အကျိုးစီးပွားအတွက်၊ EITI စံနှုန်း ပြည့်မီရန်အတွက် သို့မဟုတ် တွင်းထွက်ကဏ္ဍ ပွင့်လင်းမြင်သာမှုနှင့် ပတ်သက်ပြီး နိုင်ငံတကာမှ လက်ခံထားသည့် စံနှုန်းများအရ ဟိုက်ဒရိုကာဗွန် တူးဖော်ရေးလုပ်ငန်းနှင့် ဆိုင်သည့် အချက်အလက်ကို ထုတ်ပြန်သင့်သည်ဟု ယူဆပါက အထက်ဖော်ပြခဲ့ပါ သတ်မှတ်ချက်များက အတားအဆီး မဖြစ်စေရ။<br>**၃၃.၂။ ကုန်သွယ်မှုဆိုင်ရာ လျှို့ဝှက်ချက်များ** – အပိုဒ် ၃၃.၁ တွင် ဖော်ပြထားသည့် အချက်အလက်များသည် နည်းပညာပိုင်းဆိုင်ရာ ကိရိယာများ၊ ထုတ်လုပ်မှု နည်းလမ်းများ၊ စီးပွားရေးဆိုင်ရာ သုံးသပ်ချက်များနှင့် ခန့်မှန်းမှုများ၊ ကုန်ထုတ်လုပ်ခြင်းနှင့် ကုန်သွယ်ရေးဆိုင်ရာ လျှို့ဝှက်ထားရမည့် ကိစ္စများ ဆက်စပ်နေပြီး၊ အခြားပုဂ္ဂိုလ်များက ၎င်းတို့ အကျိုးစီးပွားအတွက် အသုံးချမည့် အခြေအနေတွင် ရှိနေသည်ဆိုပါက ဝန်ကြီးဌာနအနေဖြင့် ယင်းအချက်အလက်များကို ဝန်ကြီးဌာနက သတ်မှတ်သည့် အချိန်အတိုင်းအတာတစ်ခုအထိ လျှို့ဝှက်ထားပေးရန် ခွင့်ပြုနိုင်သည်။ | Sanduqli Block, PSA www. resourcecontracts.org/ contract/ ocds-591adf- 1045801310 |
| *ဥပဒေတွင်း ဖော်ပြထားချက်* | | |
| **ကင်မရွန်း** | **အခန်း (၆)**<br>(၁) အုပ်ချုပ်ရေး အာဏာပိုင် နှင့် ပုဂ္ဂလိကပိုင် သို့မဟုတ် ပြည်သူပိုင် လုပ်ငန်းများကြား ချုပ်ဆိုသည့် စာချုပ်များ၊ အထူးသဖြင့် သဘာဝ သယံဇာတများ တူးဖော်ခြင်း၊ ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများအတွက် လုပ်ကိုင်ခွင့်နှင့်ဆိုင်သည့် ကိစ္စများကို အများပြည်သူ သိရှိစေရန် ထုတ်ပြန်ပေးရမည်။ ယခုအခြေခံမူများကို လုပ်ကွက်ချထားပေးသည့် လုပ်ငန်းစဉ်တွင်လည်းကောင်း၊ စာချုပ်ပါ အကြောင်းအရာများတွင်လည်းကောင်း သက်ရောက်မှု ရှိစေရမည်။<br>(၂) စာချုပ်များကို တရားစီရင်ရေး၊ လွှတ်တော်ရေးရာ ကော်မရှင်များက အချိန်မှန် စိစစ်မှုများ ပြုလုပ်မည်ဖြစ်သည်။<br>(၃) ပုဂ္ဂလိက ကဏ္ဍတွင် အစိုးရ၏ ပါဝင်မှုသည် ပွင့်လင်းမြင်သာမှု ရှိရမည်၊ တစ်ပြေးညီ ခွဲခြားမှုမရှိသည့် စည်းမျဉ်းစည်းကမ်းများ နှင့် လုပ်ထုံးလုပ်နည်းများပေါ်တွင် အခြေခံရမည် | Law N° 2018/011 of 11 Muly 2018 to lay down the Cameroon Code of Transparency and Good Governance in public finance management www.prc.cm/en/ multimedia/ documents/6583-law-n-2018- 011-of-11-Muly-2018-to-lay- down-the-cameroon-code-of-transparency-and-good-governance-in-public-finance-management |

| နိုင်ငံ | စာချုပ်ထုတ်ပြန်ဖွင့်ပြခြင်းဆိုင်ရာ သတ်မှတ်ချက်များ | ကိုးကား |
|---|---|---|
| **ဆီရီယာ လီယွန်** | **၄၀။** (၂) ရေနံလိုင်စင် တစ်ခုခြင်း၊ နိုင်ငံနှင့် ချုပ်ဆိုသည့် သဘောတူညီချက်နှင့် ဆက်စပ်သည့် စာချုပ်များ၊ လိုင်စင်နှင့်တွဲလျက် ဖော်ပြထားသည့် လိုင်စင်ဆိုင်ရာ သတ်မှတ်ချက် အသေးစိတ်ကို အစိုးရ ထုတ်ပြန်ချက်များတွင် အပြည့်အစုံ ဖော်ပြမည်၊ ညွှန်ကြားလာမှုပေါ် အခြေခံပြီး အခြားပုံစံများဖြင့်လည်း ထုတ်ပြန်ဖော်ပြမှုများ ပြုလုပ်သွားမည်။ | Petroleum (Exploration and Production) Act (2011) www.sierra-leone.org/Laws/ 2011-07.pdf |

## ဆက်လက်လေ့လာရန်

Hubert, Don and Rob Pitman. *Past the Tipping Point? Contract Disclosure within EITI*. Natural Resource Governance Institute, 2017.

Munilla, Isabel and Kathleen Brophy. *Contract Disclosure Survey 2018*. Oxfam America, 2018.

Natural Resource Governance Institute and Open Contracting Partnership. *Open Contracting for Oil, Gas and Mining Rights.* 2018.

Open Oil. *Oil Contracts: How to Read and Understand Them.* 2012.

Open Oil, Vale Columbia Center, International Senior Lawyers Project, Revenue Watch Institute. *Mining Contracts: How to Read and Understand Them.* 2014.

Rosenblum, Peter and Susan Maples. *Contracts Confidential: Ending Secret Deals in the Extractive Industries.* Revenue Watch Institute, 2009.

Smith, Erin and Peter Rosenblum, *Enforcing the Rules.* Revenue Watch Institute, 2011.

## အခြား အရင်းအမြစ်

Contract transparency in the extractive industries, country policy and practice monitoring table: docs.google.com/spreadsheets/d/1FXEeD43jw6VYHV8yS-8KJ5-rR5l0XtKxVQZBWzr-ohY/edit#gid=0

ResourceContracts.org contract repository: www.resourcecontracts.org

## ကျေးဇူးတင်လွှာ

စာရေးသူအနေဖြင့် ဌာနဆိုင်ရာမှ အရာရှိများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ အရပ်ဘက် အဖွဲ့အစည်းမှ ကိုယ်စားလှယ်များကို ယခုစာတမ်း ပြုစုရာတွင် မေးခွန်းများ ဖြေကြားပေးသည့်အတွက် အထူးကျေးဇူး တင်ပါသည်။ ဒေါ်အေးကြည်သာဆွေ အား သုတေသန ပြုစုရာတွင် ပါဝင်ကူညီပေးခဲ့သည့်အတွက် ကျေးဇူးတင်ပါသည်။ ထို့အပြင် ဦးမော်ထွန်းအောင်၊ Vicky Bowman၊ ဦးထွန်းပေါ်ဦး၊ Nicola Woodroffe နှင့် Audrey Gaughran တို့အား ၎င်းတို့၏ ပံ့ပိုးကူညီမှုနှင့် လမ်းညွှန်မှုတို့အတွက် ကျေးဇူးတင်ပါသည်။

## စာတမ်းပြုစု ရေးသားသူများအကြောင်း

Sebastian Sahla နှင့် Hosana Chay တို့သည် NRGI မြန်မာနိုင်ငံရုံးမှ ဝန်ထမ်းများဖြစ်သည်။ Robert Pitman သည် NRGI မှ Governance Officer တစ်ဦးဖြစ်သည်။

လွတ်လပ်ပြီး အကျိုးအမြတ်မရှာဖွေသည့် အဖွဲ့အစည်းတစ်ခုဖြစ်သော သဘာဝသယံဇာတအရင်းအမြစ် စီမံခန့်ခွဲမှု အကြံပေး အဖွဲ့ (Natural Resource Governance Institute) သည် ပြည်သူများ မိမိတိုင်းပြည်မှထွက်သော ရေနံ၊ သဘာဝဓါတ်ငွေ့ နှင့် သတ္တုတွင်းထွက်များ ကြွယ်ဝမှု၏ အကျိုးကျေးဇူးများကို သိရှိနားလည်စေရန် လက်တွေ့အသုံးချ သုတေသနပြုခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ နည်းပညာဆိုင်ရာ အကြံဉာဏ်ပေးခြင်း နှင့် စည်းရုံးရေး ပြုလုပ်ပေးခြင်းဖြင့် ကူညီပေးပါသည်။
ထပ်မံလေ့လာရန် – www.resourcegovernance.org

Natural Resource Governance Institute
Oil, gas and mining for development